## မြန်မာနိုင်ငံရဲ့ အထည်ချုပ် ကဏ္ဍ တိုးတက်လာပြီလား

**Speakers**

၁။ ဦးထွန်းထွန်း - CEC ( မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း)

၂။ ဦးအောင်မြင့် - ( အထည်ချုပ်လုပ်ငန်းရှင်)

၃။ ဒေါ်မျိုးမျိုးအေး- (သွေးစည်းညီညွတ်သော သမဂ္ဂများအဖွဲ့ချုပ်)

**၁။ ဦးထွန်းထွန်း - CEC ( မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း)**

နိုင်ငံတော် အပိုင်းအနေနဲ့ ဥပဒေတွေ မထုတ်ပြန်ခင်မှာ ဒီဥပဒေဟာ ကဏ္ဍပေါင်းစုံ၊ Stakeholder ပေါင်းစုံ၊ အလုပ်ရှင်၊အလုပ်သမား၊ ပြည်သူ၊ စားသုံးသူ ဘယ်သူမှ မထိခိုက်တဲ့ ဥပဒေဖြစ်အောင်ရေးဆွဲဖို့လိုပါတယ်။ ရေးဆွဲပြီးလို့ ထုတ်ပြန်ပြီးရင်လည်း ထုတ်ပြန်ပြီးတဲ့ ဥပဒေအတိုင်း မည်သူမဆို လိုက်နာအောင်၊ အကောင်အထည် ဖော်သင့်တယ်။ တဖက်ကလည်း လုပ်ငန်းတွေ ပိုမိုများပြားလာအောင်၊ လုပ်သားတွေ သူတို့ရဲ့ အရည်အချင်း အလိုက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာအောင် အနေအထားတစ်ခုကို ဖန်တီးပေးသင့်ပါတယ်။ နိုင်ငံတကာ မျက်နှာစာကိုတော့ သိပ်မမျှော်လင့်ပါဘူး။ ဘာကြောင့်လဲဆိုတော့ quality ကောင်းကောင်း ဈေးချိုချိုရောင်းမှပဲ ထိုးဖောက်လို့ရမှာပါ။အချင်းချင်းမှာပဲ ညီညီညွတ်ညွတ်နဲ့ လုပ်ကြရင်ကောင်းမယ်လို့ ထင်ပါတယ်။

( PS အခုံးသတ်က ပြောကြားချက်ကိုယူထားပါသည်။ ရှေ့ပိုင်းမှာပြောကြားချက်မှာ တိုနေသောကြောင့်ဖြစ်သည်။ )

**၂။ ဦးအောင်မြင့် - ( အထည်ချုပ်လုပ်ငန်းရှင်)**

FOB စနစ်နဲ့ သွားဖို့ဆိုတာက ကျွန်တော်တို့ တိုင်းပြည်မှာ ကုန်ကြမ်းတွေ အဆင်သင့်မဖြစ်သေးဘူး။ ဒါကြောင့် တင်သွင်းရမယ်။ နောက်တစ်ခုက ဘဏ်တွေကနေ ပိုင်းဂန်းကူညီနိုင်မှု၊ ဒါတွေ ရှိဖို့လိုတယ်။ နောက်တစ်ခုက ယုံကြည်စွာနဲ့ မှာမယ့် ဂယ်လက်တွေပေါ့။ ဒါက Marketing ပိုင်း၊ မြန်မာပြည်မှာလည်း အခုစလုပ်ဖို့ ကြိုးစားနေကြတယ်။ ဘာကြောင့်လဲဆိုတော့ ဒါက မဖြစ်မနေသွားရမယ်။ သုံးဦးသုံးဖလှယ် အတူ ပူးပေါင်းပြီး လုပ်နိုင်မယ်ဆိုရင်တော့ FOB စနစ်ကိုပြောင်းနိုင် မယ်လို့ယူဆပါတယ်။ ဒါပေမယ့် ဒီနေရာမှာ အစိုးရ ရဲ့ ပူးပေါင်းပါဝင်မှုက အလွန် အရေးကြီးပါတယ်။ အစိုးရရယ်၊ Buyer ရယ်။ Supplier ရယ်ပေါ့။ ကျွန်တော် တို့က Supply Chain လုပ်ရမှာပါ။။ အခုလုပ်နေတဲ့ ဟာကို တန်ဖိုးမြင့် ထုတ်ကုန် ( Valued Added) လုပ်နိုင်ဖို့လိုပါတယ်။

၃။ **ဒေါ်မျိုးမျိုးအေး- (သွေးစည်းညီညွတ်သော သမဂ္ဂများအဖွဲ့ချုပ်)**

အလုပ်ရှင်တွေက အလုပ်သမားကို ဆက်ဆံတဲ့ အခါ တစ်ချိန်တုန်းကတော့ အလုပ်သမားကို စက်ရုပ် လို ပဲခိုင်းတယ်။ အဲဒီစက်ရုပ်တွေကို ခိုင်းစေဖို့အတွက် တာဝန်ပေးလိုက်တဲ့ မန်နေဂျာတို့ ၊Supervisor တို့ဆိုတဲ့ သူတွေက တစ်သွေး၊ တစ်သံ၊ တစ်မိန့်သမားတွေ၊ လုပ်ငန်းရှင်က ဒါလိုချင်တယ်ဆိုရင် ဒါဖြစ်အောင် လုပ်ပေးတဲ့ သူတွေ။ ဒီလိုနဲ့ နှစ်ကာလ ကြာ ပိတ်လှောင်နေတဲ့ အခါမှာတော့ အလုပ်သမားနဲ့ အလုပ်ရှင် ပြဿနာ တက်ကြတာပါ။ အလုပ်သမားတွေက တစ်နေ့ ၈ နာရီလုပ်ပါရ စေလို့ ဒီအချိန်မှာ တောင်းဆိုနေတာ ကျမတို့ အလုပ်သမား သမဂ္ဂဝင်တစ်ယောက်အနေနဲ့ အရမ်းဝမ်းနည်းပါ တယ်။ တစ်ကမ္ဘာလုံးမှာ ၈ နာရီကို ကျမတို့ ဆန္ဒပြပြီး တောင်းနေရဦးမှာလား။အိုတီကြေး နှစ်ဆပေးဖို့ တောင်း နေရဦးမှာလား။ ဒါက ဥပဒေအရ ခွင့်ပြုပြီးသားပါ ။ ထောင်ကျ ခံပြီး သပိတ်တွေ၊ ဆန္ဒပြပွဲတွေ လုပ်စရာ မလိုဘူး လို့မြင်ပါတယ်။

**( ကိုကျော်မင်းထွေး၊ အထည်ချုပ်လုပ်သား )**

အလုပ်သမားတွေ ကိုဆွေးနွေးပါ ဆွေးနွေးပါလို့ အထည်ချုပ်လုပ်ငန်းများအသင်းက ပြောလို့ ဆွေးနွေးခဲ့တယ်။ ကျွန်တော်တို့ အလုပ်သမားတွေကပဲ ဆန္ဒပြမှု တွေကိုဖန်တီးနေတာမျိုး ဖြစ်နေတာလားဆိုတာ ရှင်းပေးစေချင် ပါတယ်။

**လေးယောက်တွဲ Group ပုံအတွက်ကောက်စာ**

အလုပ်ရှင်တွေက အလုပ်သမားတွေကို ဖိနှိပ်၊ ကုတ်သွေးစုတ်ပြီး ကြီးပွားနေတဲ့ မြန်မာအထည်ချုပ်လုပ်ငန်း ရှင် တစ်ယောက်မှ မရှိပါဘူး။ သို့သော် လုပ်ငန်း ခွင်တိုင်းကတော့ သာယာချောမွေ့နေတာ မဟုတ်တာတော့ အမှန်ပဲ။ ( **ဦးထွန်းထွန်း)**

ပြဿနာတွေ ဘယ်အချိန်ပေါ်လဲဆိုတော့ ကျွန်တော်တို့ဆွဲတဲ့ plan တွေဟာ လက်တွေ့မကျတဲ့ အချိန်မှာ ပေါ်လာတာ။ဥပမာ ကုန်အမှာစာကို မှာလိုက်ကတည်းက ကိုယ့် ရဲ့ Capacity ကိုသိရမယ်။ နောက်တစ်ခုက နည်း ပညာပိုင်းဆိုင်ရာလည်း သိရမယ်။ လက်တွေ့မကျဘူးဆိုတာနဲ့ ၊ ချော်သွားပြီဆိုတာနဲ့ အချိန်ကို ဆွဲဆန့်ပစ်လိုက်တယ် မန်နေဂျာက၊ ဒါပေမယ့် အလုပ်သမားက အရှည်ကြီးမလုပ်ချင်ဘူး။ ဒီနေရာမှာ ဒါကြောင့် လုပ်နိုင်စွမ်း ရှိတဲ့ plan ကိုဆွဲရင် အများကင်းမယ်။ လုပ်နိုင်စွမ်းနဲ့ လွဲတဲ့ ဟာမျိုးဆိုရင် ဖိအားက တဖက်ဖက်ကိုသွားရောက်စေတယ်။ ( **ဦးအောင်မြင့်)**

လွပ်လပ်စွာသသင်းပင်းဖွဲ့စည်းခွင့် ကို ကျမတို့နိုင်ငံက ပေးမထားဘူး။အခု လွတ်လပ်စွာ သင်းပင်းဖွဲ့ စည်းခြင်းကိုပေးတယ်ဆိုတယ်ဆိုတာလေး ပြပြီးဆန်ရှင်ကိုဖြုတ်သွားတယ်။ တကယ်ပဲ အလုပ်သမားတွေက လွပ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့် ရပြီလား။ လုပ်ငန်းရှင် သဘောမတူရင် အဲဒီစက်ရုံမှာ သမဂ္ဂ ဖွဲ့ခွင့်ရလား၊ ILO က နေ မြန်မာနိုင်ငံအတွက် ပိုင်းပြောပေးတယ်။ လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်ရပြီလို့၊ ဘယ်နဖွဲ့ ရသွားပြီလဲ။ သမဂ္ဂဖွဲ့လို့ အလုပ်ပြုတ်သွားတဲ့ အလုပ်သမားတွေ၊ သမဂ္ဂဖွဲ့လို့ ထောင်ကျသွားတဲ့ လူတွေ၊ ဘဝပျက်သွားတဲ့ လူတွေ ကျမ တစ်နေ့ ခေါ်လာခဲ့ချင်ပါတယ်။ **( ဒေါ်မျိုးမျိုးအေး)**